TMH TELECOM PUBLIC COMPANY LIMITED

YSX CODE 00005

## Hydropower Station (၄)ခု တည်ဆောက်နားလည်မှုစာချွန်လွှာ M.O.Uလက်မှတ်ရေးထိုးပြီးကြောင်း အသိပေးကြေညာခြင်း

TMH Telecom Public Company Limited ၏ ဒါရိုက်တာအဖွဲ့မှ ထုတ်ပြန်ကြေညာသည်မှာ ကုမ္ပဏီသည် ၂၀၁၉ခုနှစ် ၊ မေလ ၂၄ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့အနီး နမ့်ခိုင် (၁) ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ရန် ပြည်နယ်လျှပ်စစ် ၊စွမ်းအင်နှင့်စက်မှုဂန်ကြီးဌာန နှင့် နှစ်ဖက်သဘောတူ နားလည်မှု စာချွန်လွှာ (M.O.U)တွင် လက်မှတ်ရေး ထိုးခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

နားလည်မှုစာချွန်လွှာတွင် ဖော်ပြချက်အရ ကုမ္ပဏီသည် ၂၉.၈ မဂ္ဂါဂပ်ရှိ လျှပ်စစ် ထုတ်လုပ်ရေး စခန်း (၄)ခုကို တည်ဆောက်ရန် ကို အဆိုပါ မြို့နယ်တွင် တည်ဆောက်ရန် ခွင့်ပြုပြီးဖြစ်ပါသည်။

ကုမ္ပဏီသည် နယ်မြေလေ့လာကွင်းဆင်းခြင်း ၊ အစိုးရဆိုင်ရာအဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းဧရိယာ အကဲဖြတ်လေ့လာခြင်း ခွင့်ပြုချက်တို့ကို ပြည်နယ်အစိုးရမှ လိုအပ်သလို ခွင့်ပြုဆောင်ရွက်စေမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်နိုင်စွမ်းရှိမရှိကို လေ့လာတင်ပြရန် တာဂန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကုမ္ပဏီသည် Power station တည်ဆောက်ရန်အတွက် ဖြစ်နိုင်စွမ်းအခြေအနေများ တွေ့ရှိပါက စွမ်းအင်ဖြန့်ဖြူးရေး စခန်းများကို တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းများအားလုံးကို တည်ဆောက်ရန် ခွင့်ပြုချက်ရရှိမည်ဖြစ်ပါသည်။

နားလည်မှုစာချွန်လွှာတွင် ဖော်ပြချက်အရ ကုမ္ပဏီသည် လက်မှတ်ရေးထိုးပြီး (၄၅)ရက်အတွင်း feasibility study လုပ်ငန်းများကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကုမ္ပဏီသည် အဆိုပါ ဖြစ်နိုင်ခြေလေ့လာမှု(feasibility study)လုပ်ငန်းကို အခြား အတွေ့အကြုံရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု**

MOU တွင် ငွေကြေးဆိုင်ရာ ဖော်ပြချက်များ မပါရှိပါ။ ဒါရိုက်တာအဖွဲ့သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့်ပတ်သက်၍ အလျဉ်းသင့်သလို အချိန်နှင့်တပြေးညီထပ်မံဖော်ပြသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၁၉ခုနှစ် ၊ မေလ (၂၇)ရက်။

**Address : No. 54, Eastern Business Centre,Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website: www.tmhtelecom.com**